**ဆွေးနွေးချက်**

ရှေးဦးစွာ ပထမအစည်းအဝေးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင် မတတ်ရောက်နိုင်သဖြင့် မြို့နယ်ဆရာဝန်ကြီး က အဖွင့်အမှာစကား ပြောကြားပါသည်။

အစည်းအဝေးတွင် မြို့နယ်ဆရာဝန်ကြီးမှ (၂၀၁၈) ဘဏ္ဍာရေးနှစ် (4/2018 မှ 9/2018) (၆) လစာ မီနီဘတ်ဂျက်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ကျပ်သိန်း (၅၀) အောက်ကျေးလက်ပြင်ထိန်းများအား ကြီးကြပ်ကော်မတီအဖွဲ့နှင့် ပြုပြင်တည်ဆောက်သွားရန်

(၁) စမ်းရွာ RHC၊ ဝက်ဖြူကုန်းကျေးလက်ကျန်းမာရေးဌာန၊ ဆေးခန်းခြံစည်းရိုးပြုလုပ်ခြင်းလုပ်ငန်း

(၂) ဥတို S/C လူနာစောင့်နားနေဆောင်နှင့်အခန်းဖွဲ့ ( 18' x 10' ) ပြုလုပ်ခြင်း

(၃) ကံကုန်း RHC ဆေးခန်းပတ်လည်ကွန်ကရစ်ခင်းခြင်းနှင့်ရေစင် (၈၀၀) ဂါလံပြုလုပ်ခြင်း

(၄)ကျွန်းတောကုန်း S/Cဆေးခန်းခြံစည်းရိုးပြုလုပ်ခြင်းလုပ်ငန်းများအား ကြီးကြပ်အဖွဲ့ဝင်များနှင့် ပြင်ထိန်းလုပ်ငန်းများ

ပြုလုပ်ရန် တင်ပြဆွေးနွေးပါသည်။

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီးမှ (၂၀၁၈ – ၂၀၁၉) ဘဏ္ဍာရေးနှစ် ကုသရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဆေးရုံ အတွက် (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ရန်အတွက် နေရာလွတ်မရှိသည့်အတွက် ကျောင်းကျန်းမာရေး အဆောက်အဦးဟောင်းအား ဖျက်မိန့်တင်ပြီး ၎င်းနေရာတွင် ဆောင်လုပ်ရန်အတွက် တင်ပြဆွေးနွေးပါသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဆေးရုံအထောက်အကူပြုအဖွဲ့များမှ ကျောင်းကျန်းမာရေးအဆောက်အဦး ဟောင်းအား ဖျက်မိန့်တင်ပြီး ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ရန်အတွက် သဘောတူဆုံးဖြတ်ကြပါသည်။

ထို့နောက် တက်ရောက်လာသူများမှ (၂၀၁၈)မီနီဘတ်ဂျက်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ကျပ်သိန်း (၅၀) အောက်အတွက် ကြီးကြပ်အဖွဲ့နှင့် ပြုလုပ်ရန် သဘောတူဆုံးဖြတ်ပါသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသူများမှ ဆက်လက်ဆွေးနွေးရန်မရှိတော့ပါသဖြင့် ညနေ(၃:၀၀)နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။